Network For Human Rights Documentation - Burma
ND-Burma
လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# ဝင်ဝယ်ခြင်းနှင့် ငြင်းဆိုခြင်း

## ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အခင်းအကျင်းတွင် နိုင်ငံသားအခွင့်အရေး ယုတ်လျော့စေမှု




www.nd-burma.org

Network for Human Rights Documentation-Burma

ND- Burma

မျက်နှာဖုံးဓါတ်ပုံ

ရခိုင်အမျိုးသားပါတီ (ANP) ပါတီမှ ရခိုင်ပြည်၊ တောင်ကုတ်မြို့ သဘော်ဆိပ်တွင် (၂၉.၁၀.၂၀) ရက်နေ့က မဲဆွယ်စည်းရုံးရေးပုံရိပ် (AASYC)

သံဖြူဇရပ်မြို့နယ်တွင် မွန်ညီညွတ်ရေးပါတီအား ဝန်းရံသူများက မြေစိုက်ပိုစတာတခု စိုက်ထူရန် ပြင်ဆင်နေစဉ်ပုံ (HURFOM)

office@nd-burma.org
www.nd-burma.org



# နိဒါန်း

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပထမဆုံးအကြိမ်မဲပေးမည့် မဲဆန္ဒရှင် ၅ သန်းအပါအဝင် ပြည်သူ သန်း ၄၀ နီးပါးသည် ၂၀၂၀ ခုနှစ် မြန်မာ့ရွေးကောက်ပွဲအတွက် မဲပေးကြတော့မည်ဖြစ်သည်။ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ နေရာ ၁၁၇၁[၁] နေရာကို နိုင်ငံရေးပါတီ ၉၀[၂] ကျော်က ဝင်ရောက်ယှဉ်ပြိုင်ရန် မဲဆွယ်ပွဲကာလ အတွင်း အပြင်းအထန် ယှဉ်ပြိုင်မဲဆွယ်နေကြသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲအတွက် မဲဆွယ်ကတိက ဝတ်ပြုနေကြသော်လည်း ၎င်းတို့နှင့် ဆန့်ကျင်ကွဲလွဲစွာပင် ထောင်နှင့်ချီသည့် မဲဆန္ဒရှင်များသည် တိုက်ပွဲဖြစ်သည့်ဒေသများတွင် နေထိုင်သူများဖြစ်ပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကြောင့် စီးပွားရေးအရ နာလန်ထူရန် ကြိုးပမ်း နေရသူများဖြစ်နေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အာဏာရအစိုးရ၊ မြန်မာ့တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)၊ နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများအပါအဝင် အဓိက အင်အားစုများသည် တိုင်းသူပြည်သားအားလုံး တန်းတူညီမျှစွာ မဲဆန္ဒပေးပိုင်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရရှိစေရေးအတွက် တာဝန်ရှိကြသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတန်း (UDHR) အပိုဒ် ၂၁ တွင် "လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်"[၃] ဟု ဖော်ပြထားသည်။ သို့သော်လည်း အခြေခံလူ့အခွင့်အရေးမူများနှင့် မဲဆွယ်ပွဲကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာတန်ဖိုးများကို ထိန်းသိမ်းရန် ပျက်ကွက်ခြင်းကြောင့် အထူးသဖြင့် တိုင်းရင်းသားပါတီများနှင့် တိုင်းရင်း

1. Al Jeezera, "Myanmar sets November 8 date for general election," 2 July 2020.. https://www.aljazeera.com/news/2020/7/2/myanmar-sets-november-8-date-for-general-election
2. See Konrad Adenauer Stiftung September 2020 Country report: "Election 2020 in Myanmar and the possible influence of Ethnic Parties," September 2020. https://www.kas.de/documents/252038/7938566/Elections+Myanmar+2020+Influence+Ethnic+Parties.pdf/08eaf959-051d-8648-414f-d5bed4bb4495?version=1.1&t=1599122247170
3. See: Universal Declaration of Human Rights: https://www.un.org/en/universal-declaration-human-rights/

သားများအပေါ် ဖိနှိပ်မှုနှင့် စနစ်တကျခွဲခြားမှုများ နက်နက်ရှိုင်းရှိုင်း ခိုင်မြဲစွာဆက်လက် ဖြစ်ပေါ်နေသည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ခေါ် ND–Burma မှ ထုတ်ဝေသည့် စာတန်းငယ်သည် ၂၀၂၀ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ကမ္ဘာ့ကပ်ရောဂါနှင့် ပြည်တွင်းစစ်ဖြစ် ပွားနေသည့်ကာလ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အခင်းအကျင်းတွင် အခြေခံအခွင့်အရေးများ မည်သို့ ချိုးဖောက်၊ ခြယ်လှယ်ခံရသည်ကို သုတေသနလုပ် သုံးသပ်ထားခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR)[၄] နှင့် စီးပွားရေး လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR)[၅] ၏ အခြေခံမူများထဲမှ ဒီမိုကရေစီတန်ဖိုးများအပေါ် တန်ဖိုးမထား၊ မထိန်းသိမ်းသဖြင့် ၂၀၂၀ ရွေးကောက်ပွဲအပေါ် တရားဝင်မှုကင်းမဲ့ခြင်းနှင့် ဂုဏ်သိက္ခာကင်းမဲ့ခြင်းဖြစ်စေသည်။

4. See: International Covenant on Civil and Political Rights Adopted and opened for signature, ratification and accession by General Assembly resolution 2200A (XXI) of 16 December 1966 entry into force 23 March 1976, in accordance with Article 49
5. See: International Covenant on Economic, Social and Cultural Rights Adopted and opened for signature, ratification and accession by General Assembly resolution 2200A (XXI) of 16 December 1966 entry into force 3 January 1976, in accordance with article 27

# ICCPR နှင့် ICESCR တို့အား ခြုံငုံသုံးသပ်ခြင်း

ICCPR သည် ပြည်သူလူထုအား ညှဉ်းပန်းနှိပ်စက်မှုမပြုရန်နှင့် တခြားသော ရက်စက်ကြမ်းကြုတ် လူမဆန်မှု (သို့မဟုတ်) လူ့ဂုဏ်သိက္ခာကျဆင်းစေရန်(သို့မဟုတ်) အပြစ်ပေးမှုများ မပြုလုပ်ရန် အပါအဝင် လူ့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့် ခံစားနိုင်စေရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်[၆]။ ဥပဒေအရ စည်းနှောင်မှုရှိသည့် စာချုပ်ဖြစ်သည့်အတိုင်း လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် ပြဋ္ဌာန်းထားသည့် အခွင့်အရေးနှင့် အခြေခံမူများအတိုင်း လေးစားလိုက်နာ အကောင်အထည်ဖော်ရမည့် ဝတ္တရားရှိသည်။ ICCPR ကို ၁၉၆၆ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံမှ အတည်ပြုခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ စာချုပ်ကို လက်မှတ်မရေးထိုးသည့် နိုင်ငံများသည် စာချုပ်ပါအချက်များအတိုင်း လိုက်ပါဆောင်ရွက်စရာမလိုအပ်ဘဲ တခြားနိုင်ငံများအပေါ်တွင်လည်း စာချုပ်ကို အသုံးပြု၍ ကိုင်တွယ်ဆောင်ရွက်ခွင့်မရှိပေ။

ထိုနည်းတူစွာပင် ပညာသင်ကြားခွင့်၊ အလုပ်လုပ်ပိုင်ခွင့်နှင့် သင့်လျော်သည့် အဆင့်အတန်းဖြင့် နေထိုင်အသက်ရှင်သန်ခွင့်တို့ကဲ့သို့ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို ရရှိခံစားစေရန် သေခြာစေသည့် ICESCR ကို ၁၉၆၆ ခုနှစ်တွင် အတည်ပြုခဲ့သည်[၇]။ ICESCR ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၇ အောက်တိုဘာလတွင် ၆ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သဘောတူစာချုပ်တွင် ရှင်းလင်းစွာ ဖော်ပြထားသည့် ပြဋ္ဌာန်း ချက်များကို ကျေပွန်စွာဆောင်ရွက်ရမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ၂၀၂၀ ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် စာချုပ်ပါ အချက်တချို့အား အစိုးရအနေဖြင့် ထိန်းသိမ်း ဆောင်ရွက်ရန် သိသာထင်ရှားစွာ ပျက်ကွက်သည်ကို တွေ့ရသည်။

6. Ibid
7. Ibid

အောက်ဖော်ပြပါ အခန်းတွင် ရွေးကောက်ပွဲမတိုင်မီ ကာလတွင် မဲဆွယ်စည်းရုံး ဆွေးနွေးပွဲများအပေါ် ပိတ်ပင်ကန့်သတ်မှုများနှင့် တိုင်းရင်းသားပါတီများနှင့် တသီးပုဂ္ဂလများအပေါ် နိုင်ငံသားအခွင့်အရေး ရုပ်သိမ်းမှုတွင် တိုင်းပြည်ရှိ အင်အားစုအသီးသီးမှ မည်ကဲ့သို့ ပါဝင်နေသည်ကို ဖော်ပြထားသည်။




မွန်ညီညွတ်ရေးပါတီကို ဝန်းရံထောက်ခံသည့် ရေးမြို့နယ်မှ လူငယ်များ ရွေးကောက်ပွဲအောင်နိုင်ရေး မဲဆွယ်ခရီးစဉ် တနေ့တာအတွက် စုဝေးနေကြပုံ(HURFOM)

# ICCPR နှင့် ICESCR အပေါ် ချိုးဖောက်မှုများ

**ICCPR နှင့် ICESCR အပိုဒ် ၃ တွင်**

*စာချုပ်ဝင်နိုင်ငံများသည် စာချုပ်ပါ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို အမျိုးသား၊ အမျိုးသမီးတန်းတူရည်မျှ ရရှိခံစားနိုင်ကြောင်း ယုံကြည်စိတ်ချစေရန် တာဝန်ယူဆောင်ရွက်ရမည်။*

၁၉၃၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာရှတွင် အမျိုးသမီးများအား ပထမဆုံး မဲပေးခွင့်ပြုခဲ့သည့် နိုင်ငံဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် NLD က အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀ ရာခိုင်နှုန်းကျော်[8]ရွေးချယ်ခဲ့သည်။ ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ ပါတီမူဝါဒလမ်း စဉ် ၂၀၂၀ တွင် ပြည်ထောင်စု၊ ပြည်နယ်နှင့်ဒေသန္တရ အဆင့်တိုင်းတွင်ရှိသည့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဟု ဖော်ပြထားသည်။[9] ၂၀၂၀ ရွေးကောက်ပွဲတွင် (SNLD) အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၉ % အထိပါဝင်လာခဲ့သည်။




အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ရွေးခဲ့ခြင်းမှာ “အမြင်ကောင်းစေရန် အလှ ပြခြင်းသာ”[10] ဖြစ်သည်ဟု အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB) မှပြောဆိုခဲ့သည်။ WLB ၏ ပြောဆိုချက်မှာ အမြင်လှစေရန်အတွက် အမျိုးသမီးများကို ပါဝင်ခွင့်ပြုခြင်းမှာ ပါတီကြီးများသာမဟုတ် တခြားတိုင်းရင်းသား

8. The Irrawaddy, “NLD Selects 20% Female Candidates for Myanmar’s November Election,” 27 July 2020. https://www.irrawaddy.com/news/burma/nld-selects-20-female-candidates-myanmars-november-election.html
9. See SNLD 2020 party platform
10. Burma News International, “The competition of female candidates is just a window-dressing, WLB criticizes,” 9 October 2020. https://www.bnionline.net/en/news/competition-female-candidates-just-window-dressing-wlb-criticizes

ပါတီငယ်လေးများတွင်လည်း ထိုနည်းတူပင်ဟု ပြောဆိုသည်။ တိုင်းရင်းသားပါတီငယ်လေး များသည်လည်း ရွေးကောက်ပွဲအနိုင်ရရေးအတွက် ၎င်းတို့ပါတီတွင် အမျိုးသမီးများ ပိုမို ကိုယ်စားပြုရန် လုပ်ဆောင်မှုမှာလည်း နည်းပါးလွန်းနေသည်ဟုဆိုသည်[၁၁]။



သံဖြူဇရပ်မြို့နယ်တွင် လူငယ်များမှ ဦးဆောင်ပြီး မဲပေးမှုအသိပညာ ဖြန့်ဖြူးနေစဉ်
(ဓါတ်ပုံ – HURFOM)

"၂၀၂၀ ခုနှစ် စိန်ခေါ်သံများ" သံချပ်ဗီဒီယိုတွင် WLB မှ လက်ရှိနိုင်ငံရေးအခြေအနေကို အာရုံစိုက်စေရန်နှင့် အမျိုးသမီးများ ကိုယ်စားပြုခွင့်ပိုရရေးအတွက် တောင်းဆိုထားသည်။

ICCPR နှင့် ICESR အပိုဒ် ၃ တွင် အမျိုးသမီး၊ အမျိုးသား အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည်ဟုဖော်ပြထားသည်။ မည်သို့ပင်ဆိုစေကာမူ သာမန် လူများအနေဖြင့် အမျိုးသမီးများသည် အားနွဲ့သူများဖြစ်၍ ဦးဆောင်သူများအဖြစ် ဆောင်ရွက်နိုင်မည် မဟုတ်ဟု သံသယရှိကြသည်။ အမျိုးသမီး ကိုယ်စားလှယ်လောင်းများအနေဖြင့် ဖိုဝါဒကြီးစိုးသည့် စံသတ်မှတ်ချက်နှင့် ယဉ်ကျေးမှုစံတန်ဖိုးများဖြင့်ချိန်ညှိ၍ ထိုးနှက်ခံရခြင်းအပါအဝင် စိန်ခေါ်မှုများကို မဲဆွယ်ပွဲကာလတွင် ကြုံတွေ့ရသည်[၁၂]။ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုအပေါ် အင်တာနက် လူမှုစာမျက်နှာများပေါ်မှ ပစ်

11. Ibid
12. United States Institute of Peace, "Myanmar's 2020 Elections and Conflict Dynamics," Mary Callahan, Myo Zaw Oo. April 2019. https://www.usip.org/sites/default/files/2019-04/pw_146-myanmars_2020_election_and_conflict_dynamics.pdf

မှတ်ထား ထိုးနှက်ကြသည့်အတွက် ပိုမိုအနှောင့်အယှက် အစော်ကားခံကြရသည်။

ကံမကောင်း အကြောင်းမလှစွာပင် မြန်မာနိုင်ငံတွင် အမျိုးသမီးများအနိမ့်ဆုံး ၃၀ ရာခိုင်နှုန်း ကိုယ်စား ပြုခွင့်မှ အလွန်တရာ ဝေးကွာနေသေးပြီး ၂၀၁၅ ခုနှစ်မှ အရေအတွက်နှင့် သိသာထင်ရှားစွာ မြင့်တက်လာခြင်းမရှိသေးပေ။ ၂၀၁၅ ခုနှစ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂၀၀ အနက် အမျိုးသမီး ၁၃ ရာခိုင်နှုန်းသာ ပါဝင်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုယ်စားလှယ်လောင်း ၇၀၀၀ ကျော်တွင် အမျိုးသမီး ၁၅ ရာခိုင်နှုန်းဖြင့် မဆိုစလောက်များလာသည်[၁၃]။

၂၀၁၈ က စစ်တမ်းတခုတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုမှာ ကျဆင်းလာသည်ဟု ဆိုသည်[၁၄]။ အမျိုးသမီးများအနေဖြင့် ရှေးရိုးစွဲဝါဒီများနှင့် ထိပ်တိုက်ရင်ဆိုင်ရပြီး ကြီးမားစွာ အရိုးစွဲနေသည့် ဒီမိုကရေစီမဆန်မှုနှင့် ရှေးရိုးစွဲတန်ဖိုးများအား အမျိုးသားများထက် ပိုမိုကြုံတွေ့ရသည်။

ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) ၏ အဆိုအရ အမျိုးသမီးများသည် ယုံကြည်မှုကင်းမဲ့ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာရန်ရည်မှန်းချက် နည်းပါးနေခြင်းကို ကြုံတွေ့ခံစားနေရသည်[၁၅]။ နိုင်ငံရေးပါတီများနှင့် ရပ်ရွာအသိုင်းအဝိုင်း၏ အကန့်အသတ်ဖြင့် အကူအညီပေးမှုသာရှိသည့်အတွက် ခွဲခြားဆက်ဆံမှုကိုခံရရန် သို့မဟုတ် အာဏာရပါတီဝင်များ၏ ထိပ်တိုက်ရင် ဆိုင်မှုများဖြင့် ကြုံတွေ့ရန် အန္တရာယ် ကြီးမားစွာရှိနေသည်။

ထို့အပြင် မဲပေးရန် အခွင့်အလန်းရရှိနိုင်မှု အနေအထားကြောင့် အမျိုးသမီးများ မဲပေးနိုင်မှုအပေါ် ပိုမိုအကန့်အသတ်များရှိလာမည်ကို စိုးရိမ်စရာဖြစ်လာသည်။ အိမ် ထောင်စုအများအပြားတွင် အမျိုးသမီးများသည် မိသားစုကို အဓိကပြုစုစောင့်ရှောက်ရသူများဖြစ်ပြီး အိမ်ထောင်တာဝန်များပိနေခြင်းက မဲပေးခြင်းအပါအဝင် ၎င်းတို့၏ အားလပ်ချိန်များကို ကန့်သတ်မှုများဖြစ်ပေါ်စေသည်။ ကျေးလက်တောရွာများရှိ မဲဆန္ဒရှင်များသည် အင်တာနက်ကို ဆက်သွယ်အသုံးပြုနိုင်ခြေနည်းသည့်အတွက် အင်တာနက်မှမဲဆွယ်ခြင်းမှာလည်း ထိရောက်မှုရှိမည်မဟုတ်ပါ။

13. Ibid
14. Mizzima, "Research shows women's political participation in Myanmar is declining," 29 December 2018. http://mizzima.com/article/research-shows-womens-political-participation-myanmar-declining
15. Ibid

ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျား/မ ကွဲပြားမှုအရ ဘက်တဘက်က အခြားတဖက်အပေါ် လုံးလုံးလျားလျား အထူးအခွင့်အရေးရခြင်းထက် နိုင်ငံရေးတွင် ကျား/မ တန်းတူ ပိုမိုကိုယ်စားပြုခွင့်ကို လက်ခံယုံကြည်သင့်သည်။

### ICCPR နှင့် ICESCR ၏ အပိုဒ် ၅

*၁။ ဤစာချုပ်ပါ အချက်များကြောင့် မည်သည့်နိုင်ငံ၊ မည်သည့်အုပ်စု၊ မည်သည့် ပုဂ္ဂိုလ်ကမျှ ဤစာချုပ်တွင် အသိအမှတ်ပြုထားသည့် မည်သည့်အခွင့်အရေးများ သို့မဟုတ် လွတ်လပ်မှုများကိုမဆို ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် လှုပ်ရှားမှုတ ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှုတရပ်ရပ် ဆောင်ရွက်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ သို့မဟုတ် ၎င်းတို့အနေဖြင့် ဤစာချုပ်ပါ ကန့်သတ်နိုင်သည့် အတိုင်းအတာထက် များစွာကျော်လွန်၍ ကန့်သတ်မှု ပြုလုပ်နိုင်သည်ဟူ၍လည်းကောင်း သဘောသက် ရောက်သော အဓိပ္ပါယ်ကောက်ယူခြင်း မရှိစေရ။*

*၂။ လက်ခံထားသော အခြေခံလူ့အခွင့်အရေးတရပ်ရပ် သို့မဟုတ် နိုင်ငံတနိုင်ငံရှိ အခြေခံလူ့အခွင့်အရေး တရပ်ရပ်ကို ဤစာချုပ်က အသိအမှတ်မပြုကြောင်း သို့မ ဟုတ် ယင်းအခြေခံလူ့အခွင့်အရေးတ ရပ်ရပ်ကို ဤစာချုပ်ကသတ်မှတ်ထားသည့် အတိုင်းအတာအောက် လျော့နည်းခံစားခွင့်ပြုကြောင်းဖြင့် မဟုတ်မမှန်ဖော်ပြချက်၊ ဥပဒေ၊ စာချုပ်များ သို့မဟုတ် ဓလေ့ထုံးတမ်းများ ပြဌာန်း၍ မည်သည့် အခြေခံလူ့ အခွင့်အရေးကိုမျှ ကန့်သတ်ခြင်း သို့မဟုတ် သေးသိမ်အောင် ပြုလုပ်ခြင်းမပြုရ။*

ICCPR နှင့် ICESCR ရှိ အပိုဒ် ၅၊ အပိုဒ်ခွဲ ၁ နှင့် ၂ တို့သည် အခွင့်အရေးနှင့်လွပ်လပ်မှုများအပေါ် ကန့်သတ် တလွဲမသုံးရန် ရှင်းလင်းစွာ ဖော်ပြထားသည်။ ၂၀၂၀ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် မွန်ပြည်နယ်ရှိ အတိုက်အခံပါတီများအပေါ် လူထု ထောက်ခံမှု များပြားလာသဖြင့် အာဏာပိုင်များက နိုင်ငံရေးအရ ယှဉ်ပြိုင်မည့်တိုင်းရင်း သားပါတီများအား ထောက်ခံကြောင်းပြသသည့် လူထုအပေါ် ကန့်သတ်မှုများပြုလုပ်ခဲ့ သည်[၁၆]။ မွန်ပြည်နယ် ရေးမြို့တွင်ဈေးဆိုင်ပိုင်ရှင်များက နိုင်ငံရေးပါတီများ၏အလံများ ချိတ်ဆွဲလွှင့်ထူခဲ့သဖြင့် မြို့နယ်စည်ပင်မှ ကြေညာချက်ထုတ်ပြန် တားမြစ်ခဲ့သည်[၁၇]။ ယင်းလုပ်ရပ်သည် ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း ရေးမြို့ခံများက ပြောကြားသည်[၁၈]။

16. Human Rights Foundation of Monland, "Authorities attempt to restrict growing support to competing political and ethnic parties," 8 October 2020. https://rehmonnya.org/archives/6152
17. Ibid
18. Ibid



လာမည့် ရွေးကောက်ပွဲတွင် UEC အနေဖြင့် မဲရုံဖွင့်လှစ်နိုင်ခြင်းမရှိသည့် ကြာအင်းဆိပ်ကြီးဒေသမှ အမျိုးသမီးတဦး၏ ရွေးကောက်ပွဲတွင်ပါဝင်နိုင်ခြင်းမရှိသည့်အပေါ် HURFOM ဝန်ထမ်းတဦးမှ မေးမြန်းနေစဉ်

လွတ်လပ်မှုနှင့် အခွင့်အရေးများ နောက်ပြန်ဆုတ်သွားသည့် သာဓကတခုမှာ ရွေးကောက်ပွဲကော်မရှင် (UEC) မှ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE)၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ ခွင့်တင်ပြလာသည့်အပေါ် ပယ်ချခဲ့ခြင်းဖြစ်သည်[၁၉]။ PACE အပေါ် တရားဝင်အသင်းအဖွဲ့မှတ်ပုံတင်ခြင်းမရှိပဲ နိုင်ငံတကာငွေကြေးထောက်ပံ့မှု များရယူသည်ဟု စွပ်စွဲအကြောင်းပြခဲ့သည်။ သို့သော်လည်း အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO)များ မှတ်ပုံတင်ခြင်းဥပဒေတွင် အဖွဲ့အစည်းများသည် မဖြစ်မနေမှတ်ပုံ တင်ရမည်ဟု ဖော်ပြထားခြင်းမရှိပဲ သဘောဆန္ဒအလျှောက်သာ မှတ်ပုံတင်နိုင်သည်ဟု ဖော်ပြထားသည်။ ယုံကြည်စိတ်ချရသည့် လေ့လာစောင့်ကြည့်မှုမရှိသည့် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုကို အရပ်ဖက်အဖွဲ့အစည်းများမှ မေးခွန်းထုတ်ခဲ့ပြီးနောက် UEC မှ PACE အဖွဲ့အား စောင့်ကြည့်လေ့လာခွင့် ပြန်ပေးခဲ့သည်[၂၀]။

ထိုဖြစ်ရပ်က အပိုဒ် ၅ ရှိ နိုင်ငံသားအခွင့်အရေးအရ လွတ်လပ်မျှတသောရွေးကောက်ပွဲဖြစ်ပေါ်စေရန် ကျင့်သုံးမှုအပေါ် ထိခိုက်စေခြင်းအပါအဝင် အခြေခံလွတ်လပ်ခွင့်များအပေါ် တိုက်ရိုက်ချိုးဖောက်သည့် ဥပမာဖြစ်သည်။

19. ASEAN Plus News, “Myanmar Election Commission denies PACE is barred from observing November election,” 17 August 2020. https://www.thestar.com.my/aseanplus/aseanplus-news/2020/08/17/myanmar-election-commission-denies-pace-is-barred-from-observing-november-election
20. The Myanmar Times, “Election Commission Allows PACE to Monitor Polls,” 17 August 2020. https://www.mmtimes.com/news/election-commission-allows-pace-monitor-polls.html

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန်အတွက် လူစုလူဝေးဖြင့် ကျင်းပသည့် လှုပ်ရှားမှုများအပေါ် ကန့်သတ်ထားသည့်အတွက် နိုင်ငံရေးပါတီများမှာလည်း မဲဆွယ်ကာလအတွင်း အကန့်အသတ်များနှင့်ကြုံရသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် စုပေါင်းကာကွယ်ခြင်းနှင့် လူထု၏ ကျန်းမာရေးအ တွက် ထိုက်သင့်သည့်အားလျော်စွာ ဦးစားပေးစီမံခြင်းဖြစ်သော်လည်း NLD ကဲ့သို့ ပါတီကြီးများမှာ လိုက်နာမှု မရှိသည်ကိုတွေ့ရသည်။ ICCPR နှင့် ICESCR တို့ရှိ အပိုဒ် ၅ သည် လွတ်လပ်မှုနှင့် ပတ်သက်ပြီး အလွဲအသုံးမှုမရှိစေရန် ဖော်ပြထားသည်။ ပါတီများ မဲဆွယ်မှုနှင့်ပတ်သက်ပြီး တင်းကြပ်သည့် စည်းမျဉ်းများ ချမှတ်ထားသော်လည်း လျစ်လျူရှုပြီး ကိုယ်စားလှယ်လောင်းတဦးက အခြားကိုယ်စားလှယ် လောင်းတဦးအပေါ် အနိုင်ရရေးအတွက်သာ ကြိုးပမ်းမှုသည် အခက်အခဲပြဿနာများကို ဖြစ်ပေါ်စေသည်။ တိုင်းရင်းသား ပါတီငယ်လေးများအနေဖြင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး မဲဆွယ်စည်းရုံးရန်အတွက် အရင်းအမြစ်ချို့တဲ့သည့်အတွက် အဆိုးစွန်ဆုံးသော အကန့်အသတ်များဖြင့် ကြုံတွေ့နေရချိန်တွင် NLD နှင့်ပါတီကြီးများသည် လူစုလူဝေးဖြင့် မဲဆွယ်နေနိုင်ကြသေးသည်ဟု NLD နှင့် ယှဉ်ပြိုင်မည့် ကချင်ပြည်နယ်ပြည်သူ့ပါတီ၏ ကိုယ်စားလှယ် က Frontier သတင်းဌာနသို့ပြောဆိုသည်[၂၁]။



၂၀၁၅ရွေးကောက်ပွဲအကြိုကာလ ဒေါ်အောင်ဆန်းစုကြည်ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ မဲဆွယ်ခရီးရောက်ရှိစဉ်က ထောက်ခံအားပေးသော ပါတီဝင်အချို့ကို မြင်တွေ့ခဲ့ရစဉ်။ (Steve Tickner | Frontier)

21. Pay Sone Aung, 'Our feet are tied, candidates in Myitkyina hobbled by COVD-19 restrictions,' 15 October 2020 https://www.frontiermyanmar.net/en/our-feet-are-tied-candidates-in-myitkyina-hobbled-by-covid-19-restrictions/

ထို့အပြင် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ကန့်သတ်မှုများကြောင့် တိုင်းရင်းသားပါတီငယ်လေးများအတွက် မမျှတသည့် ယှဉ်ပြိုင်ပွဲများဖြစ်ပေါ်လာစေသည်။ ကွာဟမှုများအပေါ် ကိုယ်စားလှယ်လောင်းအချို့မှ ထုတ်ဖော်ပြောကြားကြပြီး မဲဆန္ဒရှင်ပညာပေးရေးလုပ်ငန်းများအတွက် ၎င်းတို့၏ အချိန်နှင့် အရင်းအမြစ်များကို အသုံးပြုကြသည်။ လူစုလူဝေးဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့် ရုံပုံငွေတို့အပေါ် နှစ်ဖက်မျက်နှာမူဝါဒကျင့်သုံးခြင်းကြောင့် မဲဆန္ဒရှင်နှင့် ကိုယ်စားလှယ်လောင်းများအားပို၍ ရှုပ်ထွေးစေသည့် ရွေးကောက်ပွဲကို ဖြစ်ပေါ်စေသည်။

**ICCPR အပိုဒ် ၆**

*လူသားတိုင်းတွင် မွေးရာပါအမွေအဖြစ် အသက်ရှင်နေထိုင်ရန် အခွင့်ရှိသည်။ ဤအခွင့်အရေးများကို ဥပဒေအရ အကာအကွယ်ပေးရမည်။ မည်သူမျှ မိမိအသက်ရှင်သန်ပိုင်ခွင့်ကို ဥပဒေမဲ့ ဆုံးရှုံးခံရခြင်း မရှိစေရ။*

ရွေးကောက်ပွဲကော်မရှင်မှ မဲဆွယ်စည်းရုံးရေးကာလကို ၂၀၂၀ ခုနှစ် စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီ မှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက် ညသန်းကောင်ယံအထိဟု ကြေညာထားသည်။ မြန်မာ့တပ်မတော်အနေဖြင့် တဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေညာထားပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ သက်တမ်းတိုးထားသော်လည်း ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေသည်။ အပစ်အခတ်ရပ်စဲရေးမှာ အထူးသဖြင့်မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA) တို့အကြား တိုက်ပွဲများဖြစ်နေသည့် ရခိုင်ပြည်နယ်မပါဝင်ပေ။ တိုက်ပွဲများကြောင့် ထောင်နှင့်ချီသည့်အပြစ်မဲ့ အရပ်သားပြည်သူများ ထွက်ပြေးပြောင်းရွှေ့ရ၊ ရာနှင့်ချီပြီး သေဆုံးဒဏ်ရာရမှုနှင့် အများအပြားမှာ ကာလရှည်ကြာစွာဖမ်းဆီးခံရ၊ ညှင်းပန်းနှိပ်စက်ခံရပြီးနောက် ၎င်းတို့၏သတင်းအစအနကို မကြားရ သို့မဟုတ် ထပ်မံမတွေ့ရတော့ပေ။

ICCPR တွင်ဖော်ပြထားသည့် အသက်ရှင်သန်ပိုင်ခွင့်ဆိုသည်မှာ ပြည်သူများအား ဥပဒေအရ အစိုးရက အကာအကွယ်ပေးရမည်ဖြစ်သည်။ ရခိုင်နှင့် ရှမ်းပြည်နယ်တို့ရှိ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရာတွင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ပိုင်ဆိုင်မှုတို့အပေါ် ခြိမ်းခြောက်ခံနေရသည်ကို တိုက်ရိုက်ပြသနေသည်။




ရခိုင်ပြည်နယ်လွှတ်တော် စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) နေရာအတွက် ယှဉ်ပြိုင်မယ့် တစ်သီးပုဂ္ဂလကိုယ်လှယ်လောင်း နိုင်ငံရေးအကျဉ်းသားဟောင်း ဦးနိုင်စိုး၏ အမြင့်ကျွန်းကျေးရွာ၌ (၂၇.၁၀.၂၀၂၀) ရက်နေ့က ပြည်သူလူထုများအားမဲဆွယ်စည်းရုံးနေပုံ။ (Photo: AASYC)

ရခိုင်တိုင်းရင်းသားကွန်ဂရက် (REC) က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစပြီး တိုက်ပွဲများကြောင့် ထွက်ပြေးရသည့် ရခိုင်ပြည်သူ ၄၀၀၀၀ နီးပါးရှိသည်ဟုဆိုသည်[၂၂]။ ၎င်းတို့က ပင် စစ်ပြေးဒုက္ခသည် ၈၀၀၀၀ နှင့် ၁၂၀၀၀၀ ကြားမှာ မဲပေးပိုင်ခွင့်ရှိသူများဖြစ်ပြီး ပြည်နည်အတွင်း မဲပေးခွင့်ရှိသူ၏ ၅ ရာခိုင်နှုန်းမှ ၇.၅ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းထားသည်[၂၃]။ ထို့အပြင် စစ်ပြေးဒုက္ခသည်များ အတွက် မဲပေးရန် စီစဉ်ထားသည့် သတင်းအချက်အလက် ကင်းမဲ့မှုနှင့် တိုက်ပွဲဖြစ်ပွားသည့်ဒေသတွင် မဲပေးရန်ကြောက်ရွံ့မှုတို့ကြောင့် မဲပေးပိုင်ခွင့် ရုပ်သိမ်းခံရသည့် အထိခိုက်ခံရနိုင်ဆုံးသူများ ဖြစ်လာစေသည်။

ရှမ်းပြည်နည် မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်း ပြည်တပ်မတော်တောင်ပိုင်း (RCSS/SSA–S) တို့အကြား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလဆန်းမှစပြီး တိုက်ပွဲများ ဖြစ်ပွားလာသည့်အတွက် ဒေသခံပြည်သူများမှာ ၎င်းတို့၏ နေ့စဉ်ရှင်သန်မှု၊ စီးပွားရေးအရ ရပ်တည်နိုင်မှုနှင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမည်ကို အထူးစိုးရိမ် ကြောင့်ကြကြောင်း ထုတ်ဖော်ပြောဆိုသည်[၂၄]။ တိုက်ပွဲများ များပြားလာမှုနှင့် တိုက်ပွဲများအကြား မည်သည့်အချိန်တွင် သေဆုံး၊ ဒဏ်ရာရမည်ကို မခန့်မှန်းနိုင်သည့်

22. The Irrawaddy, Khaing Yoe Hla, "Rakhine State IDPs Exceed 36,000 Since August: Myanmar NGO," 5 October 2020 https://www.irrawaddy.com/news/burma/rakhine-state-idps-exceed-36000-since-august-myanmar-ngo.html
23. Frontier Myanmar, Kaung Hset Naing, "Rakhine IDPs: Displaced, demoralised … disenfranchised?" 12 October 2020 https://www.frontiermyanmar.net/en/rakhine-idps-displaced-demoralised-disenfranchised/
24. Burma News International, "CSOs and locals call for ceasefire to end fighting around Kyaukme Shan State," 9 October 2020 https://www.bnionline.net/en/news/csos-and-locals-call-ceasefire-end-fighting-around-kyaukme-shan-state

အခြေအနေက ရွေးကောက်ပွဲအား ပိုမိုမတည်မငြိမ်ဖြစ်စေကာ မဲဆန္ဒရှင်များအားလည်း မဲပေးရန် အခက်အခဲဖြစ်စေသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်တွင်းစစ်ကြောင့် လုံခြုံမှုမရှိသဖြင့် ကချင်၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ကျေးရွာအုပ်စု ၆၀၀ နှင့် မြို့နယ် ၇ မြို့နယ် တို့တွင် ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲ မကျင်းပပေးနိုင်ခဲ့ပေ[၂၅]။

တိုင်းပြည်အတွင်းရှိဒေသအချို့တွင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး ကန့်သတ်ခံရမှုကြောင့် မတည်ငြိမ်မှုများ များပြားနေသည့် ရွေးကောက်ပွဲမတိုင်မီ ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး ပြည်သူလူထုမှာ ၎င်းတို့၏ အခြေခံအခွင့်အရေး အများဆုံး ဆုံးရှုံးရမည်ဖြစ်သည်။

**ICCPR ၏ အပိုဒ် ၁၉**

*လူတိုင်းလွတ်လပ်စွာ ထုတ်ဖော်ရေးသားပိုင်ခွင့်ရှိပြီး လွတ်လပ်စွာရှာဖွေဆည်းပူးခွင့်၊ လက်ခံရယူခွင့်နှင့် သတင်းအချက်အလက်နှင့် အတွေးအခေါ်ပုံစံမျိုးစုံတို့ကို နှုတ်ဖြင့်ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ အနုပညာတရပ်ရပ်ဖြင့်ဖြစ်စေ၊ ၎င်းတို့ရွေးချယ်သည့် ပုံစံတမျိုးမျိုးဖြင့် ဖြစ်စေ အနှောင့်အယှက်မရှိဘဲ ဖြန့်ချီခွင့်တို့ ပါဝင်သည်။*

NLD ၏ လွတ်လပ်စွာထုတ်ဖော်ကျင့်သုံးမှုအပေါ် ထိန်းသိမ်းမြှင့်တင်မှုမှတ်တမ်းမှာ ၎င်းတို့အစိုးရ၏ ပထမသက်တမ်းမှာပင် မေးခွန်းထုတ်စရာဖြစ်ခဲ့သည်။ ပြည်တွင်းစစ်ဖြစ်နေသည့် ရခိုင်ပြည်နယ်တွင် အစိုးရက စစ်ဆန့်ကျင်ရေးဆန္ဒပြသည့် ကျောင်းသားများအား ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေကို ချိုးဖောက်မှုဖြင့် ဖမ်းဆီးပြီး အပြင်းအထန်တုန့်ပြန်ခဲ့သည်[၂၆]။ ထိုသို့ တုန့်ပြန်မှု ကြောင့် ကျောင်းသား ၃၀ ပုန်းအောင်းတိမ်းရှောင်နေရသည်[၂၇]။

25. Ibid
26. The Diplomat, Sebastian Strangio "Myanmar Accelerates Arrests of Student Anti-War Protesters," 2 October 2020 https://thediplomat.com/2020/10/myanmar-accelerates-arrests-of-student-anti-war-protesters/
27. Radio Free Asia, "Myanmar Arrests 14 For Anti-War Protests, While 30 More Remain in Hiding," September 30 2020 https://www.rfa.org/english/news/myanmar/student-protesters-09302020183400.html

ရခိုင်ပြည်နယ်ရှိ မြို့နယ် ၈ မြို့နယ်တွင် ကမ္ဘာ့အရှည်ကြာဆုံး အင်တာနက်ဖြတ်တောက်မှုကို ဆက်လက် ပြုလုပ်နေပြီး ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း အင်တာနက် အပြည့်အဝပြန်သုံးခွင့်ရရန် နိုင်ငံရေးပါတီများက တောင်းဆိုနေကြသည်[၂၈]။ ရခိုင်ပြည်နယ်ရှိ နေရာအတော်များများတွင် အင်တာနက်ကို အကန့်အသတ်ဖြင့်သာ သုံးနိုင်ပြီး အားနည်းသည့် အင်တာနက်လိုင်းများကြောင့် ပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေး သတင်းအချက်အလက်များကို အင်တာနက်လူမှုစာမျက်နှာမှ ဝေမျှမှု မလုပ်နိုင်ပေ[၂၉]။ အင်တာနက် ဖြတ်တောက်မှုကြောင့် ပြည်သူလူထု၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် အကူအညီပေးရေးလုပ်သားများအပေါ် ကာလရှည်ကြာစွာ သက်ရောက်မှုများဖြစ်ပေါ်စေသည်။

မလုပ်မဖြစ်လုပ်ရန် လိုအပ်ခြင်းနှင့် ဥပဒေနှင့်ညီညွတ်မှု၊ တရားဝင်ဖြစ်မှုနှင့် အချိုးကျမှုတို့ပါဝင်သည့် "ဥပဒေအရ စစ်ဆေးမှု ၃ ရပ်" ဖြင့် သုံးသပ်ဆုံးဖြတ်ပြီးမှသာ လွတ်လပ်စွာထုတ်ဖော်မှုအပေါ် ကန့်သတ် နိုင်သည်ဟု နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ ICCPR ၏ အပိုဒ် ၁၉ အရ လွတ်လပ်စွာထုတ်ဖော်မှုကိုကန့်သတ်ရန် စစ်ဆေးမှုအတွက် စံသတ်မှတ်ချက်များရှိပြီး အခြေခံအားဖြင့် ကန့်သတ်မှုသည် ဥပဒေကြောင်းအရ ခိုင်လုံမှု၊ နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အများပြည်သူအား အကာအကွယ်ပေးရန်နှင့် လုပ်ရန်လိုအပ်ကြောင်းသေချာစေရသည်။ အဆိုပါစစ်ဆေးမှုကို ဆုံးဖြတ်ပိုင်ခွင့်ရှိသူတို့သည် ဘက်လိုက်မှုမရှိစေရဘဲ သာဓကအနေဖြင့် လွတ်လပ်သည့် ခုံရုံးများမှဆုံးဖြတ်ခြင်းမျိုးဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်က နိုင်ငံတော်လုံခြုံရေးကို အကြောင်းပြပြီး ဖိနှိပ်ရေးလက်နက်သဖွယ် အသုံးပြုနေသည်။

နောက်ဥပမာတခုမှာ နိုင်ငံရေးမူဝါဒများ ဆွေးနွေးဟောပြောမှုများတွင် စိစစ်ဖြတ်တောက်မှုများ ကင်းရှင်းစေရေးအတွက် ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်နိုင်မှုမရှိဘဲ အနည်းဆုံး တိုင်းရင်းသားပြည်နယ် ၄ ခုတွင် စိစစ်ပြင်ဆင်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်[၃၀]။ ကချင်ပြည်သူ့ပါတီ (KSPP) အား အရင်းအမြစ်များအား ခွဲဝေခြင်းနှင့်

28. Burma News International, "Political parties demand full restoration of internet during the election campaign period," 11 September 2020 https://www.bnionline.net/en/news/political-parties-demand-full-restoration-internet-during-election-campaign-period
29. Development Media Group, "Electioneering imminent as UEC announces 60-day campaign window," 6 September 2020 https://www.dmediag.com/news/1955-uec-announces
30. Burma News International, "UEC censors election address of Tai-Leng (Shan-ni) Nationalities Development Party," 9 October 2020 https://www.bnionline.net/en/news/uec-censors-election-address-tai-leng-shan-ni-nationalities-development-party

ပတ်သက်သည့် ၎င်းတို့ပါတီမူဝါဒအား စကားလုံးပြင်ဆင်ခိုင်းခဲ့ခြင်းဖြစ်သည်[၃၁]။ ၎င်းတို့၏ မူလဖော်ပြချက်တွင် "ကချင်တိုင်းရင်းသားများသည် နိုင်ငံတော်၏ အရင်းအမြစ်များအား အပြည့်အဝခံစားခွင့်ရှိသည်" ဟုပါရှိသော်လည်း ရွေးကောက်ပွဲကော်မရှင်က "ကချင်ပြည်သူများနှင့် နိုင်ငံသားများသည် နိုင်ငံတော်၏ အရင်းအမြစ်များကို ခံစားခွင့်ရှိသည်" ဟု ပြင်ဆင်ခိုင်းခဲ့သည်။ ကချင်ပြည်သူ့ပါတီတခုတည်းသာ ရွေးကောက်ပွဲစည်းရုံးသည့် ပါတီမူဝါဒကို ပြင်ဆင်ခိုင်းခံရခြင်းမဟုတ်ပဲ နိုင်ငံတော်ရုပ်မြင်သံကြားမှ ထုတ်လွှင့်မည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) နှင့် ထားဝယ်အမျိုးသားပါတီ (DPN) တို့၏ ပါတီမူဝါဒမိန့်ခွန်းကို ရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ခဲ့သည်[၃၂]။

တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူငယ်ဖွံ့ဖြိုးရေးနှင့် အာဏာရှင်စနစ်ကို ဝေဘန်ထောက်ပြထားသည့် ရွေးကောက်ပွဲမိန့်ခွန်း တဝက်ခန့်ကိုလည်း ရွေးကောက်ပွဲကော်မရှင်က စိစစ် ဖြတ်တောက်ခဲ့သည်[၃၃]။ ရွေးကောက်ပွဲကော်မရှင်က ပါတီမူဝါဒများကို စိစစ်ဖြတ်တောက်ပြီးနောက် ကန့်သတ်မှုများသည် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲထက် ပိုမို ပြင်းထန်သည်ဟု ပြောဆိုကာ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) တို့က ရုပ်မြင်သံကြားမှ ပြောကြားမည့်အစီအစဉ်ကို ပယ်ဖျက်ခဲ့သည်[၃၄]။ နောက်ထပ် ဥပမာ တခုမှာ ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီး က ၎င်းတို့ပါတီ၏ ရွေးကောက်ပွဲမဲဆွယ် မိန့်ခွန်းကိုလည်း စိစစ်ဖြတ်တောက်ခဲ့ပြီး မိန့်ခွန်းတွင် ဆင်းရဲမွဲတေမှုနှင့် ပြည်သူလူထု၏ နေ့စဉ်ဘဝ ဒုက္ခများကို ဆွေးနွေးထားသည့်အတွက် ပါတီ၏ ရုပ်တည်ချက်အပြည့်အစုံကို ထုတ်လွှင့်ခွင့်မပြုဟု ပြောဆိုသည်[၃၅]။

ရွေးကောက်ပွဲကော်မရှင်မှ ပါတီများစွာ၏ မဲဆွယ်မိန့်ခွန်းများကို စိစစ်ဖြတ်တောက်ခဲ့ပြီး လက်တဆုပ်စာ ပါတီအနည်းငယ်ကသာ တိုင်ကြားမှုရှိသည်ဟု တုန့်ပြန်ခဲ့သည်[၃၆]။ လူ့အခွင့်အရေးစောင့်ကြည့်ရေး အဖွဲ့ (HRW) က စိစစ်ဖြတ်တောက်မှုများအပေါ်

31. Burma News International, "KSPP withdraws televised election address due to censorship by State-owned TV," 12 October 2020 https://www.bnionline.net/en/news/kspp-withdraws-televised-election-address-due-censorship-state-owned-tv
32. Mizzima, "Two political parties accuse UEC of censorship," 23 September 2020 http://mizzima.com/article/two-political-parties-accuse-uec-censorship
33. Burma News International, "UEC censors election address of Tai-Leng (Shan-ni) Nationalities Development Party," 9 October 2020 https://www.bnionline.net/en/news/uec-censors-election-address-tai-leng-shan-ni-nationalities-development-party
34. Myanmar Now, Phadu Tun Aung "Election officials censor parties' campaign speeches 'like the dictatorship,' 24 September 2020. https://www.myanmar-now.org/en/news/election-officials-censor-parties-campaign-speeches-like-the-dictatorship-did
35. Free Radio Asia, "Myanmar Censorship of Party Messages on State Media Draws Fire," September 30 2020. https://www.rfa.org/english/news/myanmar/party-censorship-09302020201609.html
36. Radio Free Asia, "We are working in order to have free and fair elections," 15 October 2020 https://www.rfa.org/english/news/myanmar/election-commissioner-10152020205851.html




ပြည်သူ့ပါတီ ၏ မဲဆွယ်လှုပ်ရှားသူများမှ မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာဖြစ်သောရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာ အပြင်ဘက်တွင်ပါတီ၏တံဆိပ်ဖြစ်သော အဝါရောင်နှင့်အနီရောင်ပါသော စည်းရုံးလှုံ့ဆော်ရေးဆိုင်းဘုတ်ကို ကိုင်ကာမဲဆွယ် စည်းရုံးနေစဉ်- စက်တင်ဘာ ၂၀၂၀ (ဓါတ်ပုံ – RFA)

ရှုံ့ချခဲ့ပြီး "လွတ်လပ်စွာထုတ်ဖော်မှုကို ချိုးဖောက်ခြင်း ကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ် လာမည်မဟုတ်"ဟု ထုတ်ဖော်ပြောဆိုခဲ့သည်[၃၇]။

ပြည်သူလူထုအနေဖြင့် ခွဲခြားဆက်ဆံမှုမရှိစေပဲ လွတ်လပ်စွာထုတ်ဖော်နိုင်ခွင့်အတွက် ဆောင်ရွက်နေသည့် Articl-19 အဖွဲ့ကလည်း မြန်မာအစိုးရသည် ရွေးကောက်ပွဲမတိုင်မီတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်များနှင့် ပြည်သူလူထုတရပ်လုံးကိုထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်၍ လွတ်လပ်စွာ ထုတ်ဖော်မှုအခွင့်အရေး လျော့နည်း ကျဆင်းလာစေရန် လုပ်ဆောင်နေသည်ဟု စွပ်စွဲခဲ့သည်[၃၈]။

နိုင်ငံရေးပါတီများသည် ၎င်းတို့၏ အမြင်သဘောထား၊ ထုတ်ပြန်ချက်များကို လွတ်လပ်စွာထုတ်ဖော် ဝေမျှပိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအပေါ် ကန့်သတ်ထိန်းချုပ်ခြင်းသည် ပြင်းထန်ပြီး အာဏာအလွဲသုံးမှုဖြစ်ကာ၎င်းတို့၏ ဆောင်ရွက်ချက်မှာ ပြည်သူများ၏ လက်တွေ့အခြေအနေနှင့် အလွန်ကွဲပြားခြားနားလျှက်ရှိနေသည်ကို ပြသနေသည်။ ရွေးကောက်ပွဲကော်မရှင်မှ တိုင်းရင်းသား နိုင်ငံရေးပါတီများ၏ အသုံးအနှုန်းဝေါဟာရ အပေါ် စိစစ်ဖြတ်တောက်ရန် ဆုံးဖြတ်ခြင်းသည် အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို ချိုးဖောက်ခြင်းဖြစ်သည်မှာ အလွန်တရာ ရှင်းလင်းထင်ရှားနေသည်။

37. Burma News International, "UEC censors election address of Tai-Leng (Shan-ni) Nationalities Development Party," 9 October 2020 https://www.bnionline.net/en/news/uec-censors-election-address-tai-leng-shan-ni-nationalities-development-party
38. Article 19, "The Myanmar government is undermining freedom of expression ahead of the upcoming general elections by imposing severe restrictions on candidates, voters, and the general public, said ARTICLE 19. 8 September 2020 marked the beginning of the official campaign period for the elections, which are scheduled for 8 November." Read more: https://www.article19.org/resources/myanmar-as-campaign-period-begins-freedom-of-expression-violations-ramp-up/

### ICCPR ၏ အပိုဒ် ၂၅

*နိုင်ငံသားတိုင်းသည် အခွင့်အရေးနှင့် အခွင့်အလမ်း ရရှိရမည်ဖြစ်ပြီး အပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်များအား ခွဲခြားမှုမရှိစေရန်နှင့် ကျိုးကြောင်းဆီ လျော်မှုမရှိပဲကန့်သတ်မှု မရှိစေရ...*

*(က)ပြည်သူ့ရေးရာတွင် ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်ထားသည့် ကိုယ်စားလှယ်မှတ ဆင့်ဖြစ်စေ...*

*(ခ)အခါအားလျော်စွာကျင်းပသည့် စစ်မှန်သော ရွေးကောက်ပွဲများတွင် နိုင်ငံတကာ စံချိန်နှင့် တန်းတူရည်တူ မဲပေးပိုင်ခွင့်အရ မဲပေးခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိပြီး မဲဆန္ဒရှင်၏ ဆန္ဒအတိုင်း လွတ်လပ်စွာထုတ်ဖော်ခွင့်ကို အာမခံရမည်။*

*(ဂ) တန်းတူရည်တူရှိရမည်ဖြစ်ပြီး ပြည်သူ့ရေး ရာ လုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်နိုင်ရမည်။*

### ICCPR ၏ အပိုဒ် ၂၆

*လူတိုင်းသည် ဥပဒေရှေ့မှောက်တွင် အညီအမျှဖြစ်ပြီး မည်သည့်နည်းနှင့်မျှ ခွဲခြားဆက်ဆံမှု မရှိစေဘဲ ဥပဒေ၏အကာအကွယ်ကို ညီတူညီမျှခံစားပိုင်ခွင့်ရှိသည်။ ဤကဲ့သို့ပင် မည်သည့်ခွဲခြား ဆက်ဆံခြင်းမျိုးမဆို ဥပဒေအရတားမြစ်ပြီး လူတိုင်းတန်းတူညီမျှမှုနှင့် အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် တခြားအတွေးအမြင်၊ လူမျိုးရေး သို့မဟုတ် လူမှုရေးဇစ်မြစ်၊ ဥစ္စာခေန၊ မျိုးနွယ်နှင့် တခြားသောအဆင့်အတန်းများအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများအား ထိရောက်စွာ တားဆီးကာကွယ်ပေးရမည်။*

၁၉၈၂ နိုင်ငံသားဥပဒေကို အသုံးပြုပြီး ရွေးကောက်ပွဲကော်မရှင်သည် မွတ်ဆလင်ကိုယ်စားလှယ်လောင်းများအား ကိုယ်စားလှယ်အရည်အချင်း မကိုက်ညီသူများအဖြစ်နှင့် မဲပေးပိုင်ခွင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်ခဲ့သည်။ အဆိုပါဥပဒေကြောင့် နိုင်ငံမဲ့များဆက်လက်ရှိနေစေခြင်း၊ ညီမျှမှုမရှိခြင်းနှင့် လူနည်းစုအပေါ် လွှမ်းမိုးလျှက်ရှိသည့်အတွက် မသင့်လျော်ကြောင်း အရပ်ဖက်အဖွဲ့အစည်းများက ကာလကြာရှည် ထောက်ပြပြောဆို

နေကြသည်။ ထိုအချက်က ICCPR ၏ အပိုဒ် ၂၅၊ ၂၆ တို့နှင့် ဆန့်ကျင်ကွဲလွဲနေပြီး လူမျိုးရေး မုန်းတီးမှုအတွက် လောင်စာအဖြစ်နှင့် အုပ်စုများအကြား ပိုမိုကွဲပြားစေရန် လှုံ့ဆော်ပေးသကဲ့ သို့ဖြစ်နေသည်။




ရန်ကုန်မြို့ လသာမြို့နယ်တွင် ပါလီမန်အမတ်အဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်း ဦးကျော်စိုးထွဋ် ကသူ၏မဲဆွယ်စည်းရုံးရေး ပိုစတာများတွင်ရိုဟင်ဂျာဆန့်ကျင်ရေးကြွေးကြော်သံကိုအသုံးပြုခဲ့သည်။ (ဓါတ်ပုံ– Aung Myo Min’s Facebook)

အင်တာနက်လူမှုစာမျက်နှာပေါ်နှင့် အင်တာနက်ပေါ်မှ မဟုတ်ပဲ ရိုဟင်ဂျာများ အပေါ် အမုန်းစကားပြောဆိုမှုကို ရွေးကောက်ပွဲကော်မရှင်က ထိထိရောက်ရောက်ထိန်းချုပ်နိုင်မည် မဟုတ်ပါ။ မဲဆွယ်ကာလ အစပိုင်း စက်တင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတဦးသည် ညောင်ရွက် ၃ ရွက်ပုံ ပါတီအမှတ်တံဆိပ် အသုံးပြုပြီး “ရိုဟင်ဂျာ မရှိ” ဟု ကြွေးကြော်ရေးသားထားသည်[၃၉]။ ရန်ကုန်တိုင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်က ဆိုင်းဘုတ်ကိုဖြုတ်ချရန် အမိန့်ပေးသော်လည်း ကိုယ်စားလှယ်လောင်းကမူ ရွေးကောက်ပွဲမဲဆွယ်သည့် စည်းမျဉ်းများကို ချိုးဖောက်ခြင်းမရှိသဖြင့် မဖြုတ်ချနိုင်ဟု ငြင်းဆိုသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်မှ ဖြုတ်ပေးရန် ပြောဆိုမှသာ ၎င်းအနေဖြင့် ဖြုတ်ပေးမည်ဟု ပြောဆိုသည်[၄၀]။ NLD ပါတီဥက္ကဌ ဒေါက်တာမျိုးညွန့် က “အဆိုပါ ကြွေးကြော်သံသည် မဲဆွယ်စည်းမျဉ်းများကို မချိုးဖောက်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ရိုဟင်ဂျာကို တိုင်းရင်းသားအဖြစ် အသိအမှတ်ပြုမထား၍ ဖြစ်သည်”[၄၁] ဟု ပြောဆိုမှုအပေါ် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေသည်။

39. Radio Free Asia, “Hate Speech Against Rohingya in Myanmar Election Has Worrisome Precedents,” 13 October 2020 https://www.rfa.org/english/news/myanmar/hate-speech-10132020192900.html
40. Ibid
41. Ibid

ယခုကိစ္စမှာ ရွေးကောက်ပွဲကော်မရှင်ကရိုဟင်ဂျာမွတ်စလင်များအားရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုမှ ဟန့်တားပိတ်ပင်သည့် ဖြစ်ရပ်များထဲမှတခုဖြစ်သည်။ ဒီမိုကရေစီ နှင့်လူ့အခွင့်အရေးပါတီ (DHRP) မှ ကိုယ်စားလှယ်လောင်းတဦးဖြစ်သူ အဗ္ဗဒူရာရှီး (Abdul Rasheed) အား ၎င်း၏ မိဘ၊ အဖိုးအဖွားများသည် နိုင်ငံအတွင်းမွေးဖွားသူများအဖြစ် သက်သေမရှိသဖြင့် ရွေးကောက်ပွဲကော်မရှင်မှ သူ့အား ကိုယ်စားလှယ်လောင်းအဖြစ်မှပယ်ချခဲ့သည်။ ၎င်းမမွေးဖွားခင် လေးနှစ်အလိုကပင် မိဘများ နိုင်ငံသားအဖြစ်ရရှိခဲ့သည်ကို သက်သေပြခဲ့သော်လည်း ပယ်ချခံရခြင်းဖြစ်သည်[၄၂]။ ရခိုင်ပြည်နယ်မှ နောက်ထပ် မွတ်စလင်တဦးဖြစ်သူ ဦးအေးဝင်းသည်လည်း အလားတူစွာပင်ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံသားစိစစ်ရေးကဒ်ပြား တောင်းဆိုသက်သေပြခိုင်းပြီးနောက် ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ချခံရသည်[၄၃]။ လွတ်လပ်တဲ့အာရှအသံ (RFA) သတင်းအရရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နောက်ထပ် ရိုဟင်ဂျာ လေးဦးသည် မိသားစုဝင်များ နိုင်ငံသားဖြစ်မှုအပေါ်မူတည်ပြီး ကိုယ်စားလှယ်အဖြစ်မှ ပယ်ချခံရသည်။ ရွေးကောက်ပွဲကော်မရှင်အဆိုအရ ကိုယ်စားလှယ်လောင်း ၄၃ ဦး (ယခုအစီရင်ခံစာရေးနေချိန်ထိ) မှာ အရည်အချင်းမပြည့်မီသည့်အတွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်မှ ပယ်ချခဲ့ပြီး အများစုမှာ နိုင်ငံသားဖြစ်မှုစံသတ်မှတ်ချက်နှင့် မကိုက်ညီ၍ဖြစ်သည်[၄၄]။

မွတ်စလင်ကိုယ်စားလှယ်လောင်းများအား မေးခွန်းထုတ်စရာ အကြောင်းပြချက်ဖြင့် ကိုယ်စားလှယ် အရည်အချင်းမပြည့်မီကြောင်း ဆုံးဖြတ်ခဲ့သည့် သက်သေများစွာရှိပြီး ICCPR ၏ အပိုဒ် ၂၆ ပါ ဖော်ပြချက်များကို ဆန့်ကျင်လျှက်ရှိကြောင်း ၂၀၂၀ ပြည့်နှစ်ဩဂုတ်လကုန်တွင် ထင်ထင်ရှားရှား ပေါ်လာသည်။

ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ကလည်း ဦးဖိုးစံအား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် တံဆိပ်တပ်ထားသည့် AA အဖွဲ့နှင့် ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲကာ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုမှ တားမြစ်ခဲ့သည်[၄၅]။ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်နေခြင်းသည် ရွေးကောက်ပွဲဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ သူ၏သားမှာ AA တပ်ဖွဲ့ဝင်ဖြစ်သော်လည်း ဦးဖိုးစံ က သူ့သားနှင့် ဆက်သွယ်မှု မရှိကြောင်းငြင်းဆိုကာ

42. Frontier Myanmar, “Myanmar bars Rohingya candidate from election,” 12 August 2020 https://www.frontiermyanmar.net/en/myanmar-bars-rohingya-candidate-from-election/
43. Burma News International, “Another Muslim Blocked for Running in the Election,” 12 October 2020. https://www.bnionline.net/en/news/another-muslim-blocked-running-election
44. Radio Free Asia, “We are working in order to have free and fair elections,” 15 October 2020 https://www.rfa.org/english/news/myanmar/election-commissioner-10152020205851.html
45. Myanmar Times, Sai Wanna “Rakhine candidate disqualified for son’s suspected AA ties,” 1 September 2020 https://www.mmtimes.com/news/rakhine-candidate-disqualified-sons-suspected-aa-ties.html

ဥပဒေကိုချိုးဖောက်ခြင်းမဟုတ်ဟု အခိုင်အမာ ပြောဆိုသည်[၄၆]။

ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် 'လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ' ဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရွေးကောက်ပွဲကော်မရှင်က စောစီးစွာ ပြောဆိုထားသော်လည်း[၄၇] မဲဆွယ်စည်းရုံးသည့်ကာလအတွင်း မဲဆန္ဒရှင်အတော်များများမှာ မဲပေးပိုင်ခွင့် ရုပ်သိမ်းခံရသည်။ အောက်တိုဘာလလတွင် ရွေးကောက်ပွဲကော်မရှင်က ရခိုင်ပြည်ရှိမြို့နယ် ၁၇ မြို့နယ်အနက် ၉ မြို့နယ်တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ခြင်း မရှိသည့်အပြင် နောက်ထပ် ၄ မြို့နယ်တွင်လည်း ကျေးရွာအုပ်စု ၁၃၀ တွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည် မဟုတ်ကြောင်း[၄၈] ထုတ်ပြန်ခဲ့သည့်အတွက် အပြင်းအထန်ဂယက်ရိုက်ခဲ့သည်။ ရခိုင်ပြည်နယ် အနောက်ပိုင်းတခုတည်းတွင်ပင် မဲဆန္ဒရှင် ၁.၁သန်း မဲပေးနိုင်ခြင်းမရှိတော့ပေ[၄၉] (ND–Burma) အဖွဲ့ဝင်ဖြစ်သည့်ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားနှင့် လူငယ်များအစည်းအရုံး၏မှတ်တမ်းအရ အဆိုပါဒေသမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်သည်)။ ရှမ်းပြည် နယ်ရှိ မြို့နယ် ၅ မြို့နယ်တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ဘဲ နေရာ ၁၅ နေရာကျော်တွင်လည်း တချို့နေရာများတွင် မဲပေးခွင့်ရမည်မဟုတ်ပေ။[၅၀]

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပြီး ၎င်းတို့ကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းများကို လွတ် လပ်စွာ ရွေးချယ်နိုင်ခြင်းမရှိမှုက ICCPR ၏ အပိုဒ် ၂၅ နှင့် ဆန့်ကျင်ကွဲလွဲနေသည်။ ကချင်ပြည် နယ်ရှိ မြို့နယ် ၁၈ မြို့နယ်တွင် ၁၁ မြို့နယ်၊ ကရင်ပြည်နယ်တွင် ၆ မြို့နယ်၊ မွန်ပြည်နယ်တွင် ၂ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးတွင် ၁ မြို့နယ်တို့သည်လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကျင်းပရန် သင့်လျော်သည့် အခြေအနေမရှိဟု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည်[၅၁]။

ရွေးကောက်ပွဲကော်မရှင်က ကမ္ဘာ့ကပ်ရောဂါနှင့် တိုက်ပွဲများဖြစ်ပေါ်နေသော်လည်း မဲဆန္ဒရှင်များသည် လုံခြုံစိတ်ချစွာဖြင့် မဲပေးနိုင်မည်ဟု ပြောဆိုရပ်တည်ပြီး နောက်ပိုင်း ရက်သတ္တပတ်အတော်ကြာမှ ယခုလို ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေများစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်[၅၂]။

---

46. Ibid
47. Radio Free Asia, "We are working in order to have free and fair elections," 15 October 2020 https://www.rfa.org/english/news/myanmar/election-commissioner-10152020205851.html
48. Thompson Chau, "Voting in Over Half of Rakhine Cancelled, Hitting Arakan Party," 17 October 2020 https://www.mmtimes.com/news/voting-over-half-rakhine-cancelled-hitting-arakan-party.html
49. AFP, "1.1 Million in Rakhine State Barred from Voting," 17 October 2020 https://www.frontiermyanmar.net/en/1-1-million-in-myanmars-rakhine-barred-from-voting/
50. Thompson Chau, "Voting in Over Half of Rakhine Cancelled, Hitting Arakan Party," 17 October 2020 https://www.mmtimes.com/news/voting-over-half-rakhine-cancelled-hitting-arakan-party.html
51. Thompson Chau, "Voting in Over Half of Rakhine Cancelled, Hitting Arakan Party," 17 October 2020 https://www.mmtimes.com/news/voting-over-half-rakhine-cancelled-hitting-arakan-party.html
52. Ibid

"မဲပေးခွင့်မရှိသည့် မဲဆန္ဒရှင်အရေအတွက်မှာများပြားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲရလဒ်သည် တရားဝင်မှုရှိ၊ မရှိကို မေးခွန်းထုတ်စရာ မလိုအပ်"[၅၃] ကြောင်းနှင့် သုံးပုံတပုံသော မဲဆန္ဒရှင်များသည် ကပ်ရောဂါဘေးနှင့် တိုက်ပွဲများကြောင့် မဲပေးရန်ကြောက်ရွံ့နေကြောင်း PACE ၏ စစ်တမ်းမှ တွေ့ရှိချက်များကို လျစ်လျူရှုပြီး ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်နေသည်။



ရခိုင်အမျိုးသားပါတီ (ANP) ပါတီမှ ရခိုင်ပြည်၊ တောင်ကုတ်မြို့ သဘော်ာဆိပ်တွင် (၂၉.၁၀.၂၀) ရက်နေ့က မဲဆွယ်စည်းရုံးရေးပုံရိပ် (Photo: AASYC)

မဲဆန္ဒရှင်များ ၎င်းတို့၏ မဲပေးပိုင်ခွင့်အရ ရခိုင်ပြည်နယ်တွင် မဲပေးမှုကိုလျစ်လျူရှုခြင်းသည် အမျိုးသားလွှတ်တော်တွင် အင်အားကောင်းသည့် ရခိုင်အမျိုးသားပါတီ(ANP) ၏ ဩဇာသက်ရောက်ကို လျော့ချလိုသည့် နိုင်ငံရေးဗျူဟာ၏ တစိတ်တပိုင်းဖြစ်သည်ဟုလည်း ဝေဘန်ကြသည်။ "ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်အရေအတွက်မှာ ထင်ထားသည်ထက် ပိုများနေကြောင်း[၅၄]" ဖြင့် ANP ပါတီဝင်ကရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်ကိုတုန့်ပြန်ပြီး Myanmar Times သတင်းဌာနသို့ ပြောဆိုသည်။

ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲမဖြစ်သည့်ဒေသများတွင် ရွေးကောက်ပွဲကို သံသယဖြစ်ဖွယ် ဖျက်သိမ်းလိုက်ခြင်းကြောင့် အာဏာရပါတီနှင့် လုပ်ပိုင်ခွင့် များကျဉ်းမြောင်းလာသည့် အရပ်ဖက်အခန်းကဏ္ဍအကြား တင်းမာမှုကိုသာ ပိုမိုဖြစ်စေသည်။

53. Ibid
54. Thompson Chau, "Voting in Over Half of Rakhine Cancelled, Hitting Arakan Party," 17 October 2020 https://www.mmtimes.com/news/voting-over-half-rakhine-cancelled-hitting-arakan-party.html

ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်သည် သမာသမတ်မရှိပဲ ရွေးကောက်ပွဲအပေါ် လွှမ်းမိုးရန် ကြိုးပမ်းမှုအတွက် တာဝန်ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများသည်လည်း အစိုးရ၏ အစီအစဉ်များတွင် ပါဝင်ကျူးလွန်နေကြသည်။ ရွေးကောက်ပွဲကော်မရှင်မှ ကမကထပြုထားပြီး မဲပေးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ပြုစုထားသည့် mVoter2020 app ကို စက်တင်ဘာလကုန်တွင် လွှင့်တင်ခဲ့သည်[၅၅]။ mVoter2020 app တွင် ခရိုင်အလိုက်ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးရာဇဝင် အသေးစိတ်နှင့် ပါတီမူဝါဒများကို ဖော်ပြထားသည်။ ရခိုင်ပြည်နယ်မှ ဝင်ရောက်


mVoter2020 မိုလ်ဘိုင်း Application ကို မြင်တွေ့ရပုံ

ယှဉ်ပြိုင်သည့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ (HRDP) မှ ဦးအေးဝင်းအား "ဘင်္ဂါလီ – မြန်မာ" ဟု ဖော်ပြခဲ့သည်[၅၆]။ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IDEA) နှင့် အမေရိကန်အခြေစိုက် Asia-Foundation လူ့အခွင့်အရေးအဖွဲ့အစည်းများက အဆိုပါ app ဖန်တီးကြိုးပမ်းမှုတွင် ပါဝင်ကြသည်။ ထိုကိုယ်စားလှယ်လောင်းစာရင်းနှင့် ပတ်သက်ပြီး "မဲဆန္ဒရှင်များ မဲပေးရွေးချယ်ရမည့် ကိုယ်စားလှယ်လောင်း၏ နိုင်ငံရေးနှင့်ပတ်သက်သည့် အတွေ့အကြုံနှင့် ဆောင် ရွက်ချက်များထက် လူမျိုးနှင့် ဘာသာကို ညွှန်းဆိုပြီး ရိုဟင်ဂျာ ကိုယ်စားလှယ်လောင်းအပေါ် သမာသ မတ်မကျပဲ ဖော်ပြခြင်းဖြစ်ကြောင်း"[၅၇] မြန်မာနိုင်ငံအတွက်တရားမျှတမှု (Justice for Myanmar) နှင့် အခြားအဖွဲ့အစည်းများက လျင်မြန်စွာထောက်ပြကြသည်။

55. Radio Free Asia, "Hate Speech Against Rohingya in Myanmar Election Has Worrisome Precedents," 13 October 2020 https://www.rfa.org/english/news/myanmar/hate-speech-10132020192900.html
56. Ibid
57. Ibid

ထိုသို့ ထောက်ပြပြောဆိုချက်များနှင့် ပတ်သက်ပြီး IDEA မှ အသိအမှတ်ပြုကြောင်း ပြောဆိုသော်လည်း ယခုအချိန်ထိ တောင်းပန်မှု မပြုလုပ်ခဲ့ပေ။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ယဉ်ကျေးမှုနှင့် အမှတ်လက္ခဏာများ ပယ်ဖျက်၊ ဖယ်ကျဉ်ခံထားရသည့် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အစား ရွေးကောက်ပွဲကော်မရှင်နှင့် လိုက်ပါဆောင်ရွက် နေသည့်အပေါ် စိတ်ပျက်ကြောင်း သဘောထား ဖော်ပြကြသည်။

ICCPR အပိုဒ် ၂၅ တွင် အစိုးရအဖွဲ့အစည်းဌာနများတွင် တာဝန်ထမ်းဆောင်ရွန် ရွေးချယ်ခံပိုင်ခွင့်ရှိပြီး အပိုဒ် ၂၆ တွင် ဥပဒေရှေ့မှောက်တွင် လူသားအားလုံး ခွဲခြားမှုမရှိစေရပဲ တန်းတူရည်တူရှိစေရမည်ဟု ဖော်ပြထားသည်။ ရွေးကောက်ပွဲကော်မရှင်နှင့် အင်အားစုအားလုံး၏ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက် ဆောင်ရွက်မှုများနှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးကျင့်သုံးမှုကို မြှင့်တင်ထိန်းသိမ်းရန် ပျက်ကွက်မှုများရှိနေသည့်အတွက် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်မြောက်နိုင်မည် မဟုတ်ပေ။

နိုင်ငံရေး အဝန်းအဝိုင်းတွင် ICCPR ၏ အပိုဒ် ၂၅ အား လျစ်လျူရှုခြင်းသည်မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို နှောင့်နှေးစေပြီး လူသားအားလုံးအတွက် လူ့အခွင့်အရေးကိုမှန်မှန်ကန်ကန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်မည်ဆိုသည့်အပေါ်လည်း မေးခွန်းထုတ်စရာဖြစ်နေသည်။

အာဏာရအစိုးရ၏ မူဝါဒပြုပြင်ပြောင်းလဲရေး လုပ်ငန်းများမှတဆင့် ယဉ်ကျေးမှုနှင့် ဘာသာရေးအပေါ် မလိုမုန်းတီးမှုများမရှိပဲ မိမိကိုယ်ပိုင် အမှတ်လက္ခဏာများဖော်ထုတ်နိုင်ရန်သိသိသာသာ ကင်းမဲ့နေသည့်အတွက် ရွေးကောက်ပွဲအပြီး နောက်သက်တမ်းအတွက် တက်လာမည့် အစိုးရသစ်ကိုလည်း စိုးရိမ်ပူပန်နေကြသည်။

**ICESCR ၏ အပိုဒ် ၁**

*လူတိုင်းတွင် မိမိကြမ္မာ မိမိဖန်တီးနိုင်ခွင့်ရှိသည်။ ထိုပိုင်ခွင့်ရှိသည့်အလျောက် ၎င်းတို့သည် မိမိ၏ နိုင်ငံရေးရပ်တည်ချက်ကို လွတ်လပ်စွာချမှတ်ထားနိုင်ပြီး ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသည်။*

မြန်မာနိုင်ငံရှိ ကွဲပြားခြားနားသည့် တိုင်းရင်းသားများသည် ၎င်းတို့၏ အခွင့်အရေးကို ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်တလျှောက် အစိုးရအဆက်ဆက်ကအကြီးအကျယ် ဖိနှိပ်ချိုးနှိမ် ခြင်းခံရသည်။ အပိုဒ် ၁ တွင် နိုင်ငံသားများသည်၎င်းတို့၏ နိုင်ငံရေး အဆင့်အတန်းကို လွတ်လပ်စွာ ဆုံးဖြတ်ရွေးချယ်ခွင့်ရှိသည်ဟု ဖော်ပြထားသော်လည်း တိုင်းရင်းသားဒေသအချို့အတွက် အကျုံးမဝင်ပေ။ ရှမ်းပြည်နယ်နှင့် ပတ်သက်ပြီး အတိအကျဆိုရလျှင် ပါတီတခု၏ ရွေးကောက်ပွဲ မဲဆွယ်အသုံးပြုသည့် ပစ္စည်းများကို ဖျက်ဆီးခြိမ်းခြောက်ပြီး အဆိုပါပါတီအား ဒေသတွင်းရှိ တခြားသောလူများစု တိုင်းရင်းသားနယ်မြေများမှ မထောက်ခံကြောင်းပြသသည့် လက်နက်ကိုင်အဖွဲ့ အစည်းများ၏ လုပ်ရပ်အပေါ် စိုးရိမ်ကြောင့်ကြနေကြသည်။

နိုင်ငံရေးပါတီများအနေဖြင့်၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေတွင်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမည် ဆိုပါက မည်သည့်လှုပ်ရှားမှုများမပြုခင် ကြိုတင်အသိပေးရမည်ဟု RCSS-SSA မှ ထုတ်ပြန်ကြေညာသည်[၅၈]။ RCSS-SSA မှ ပြောရေးဆိုခွင့်ရှိသူက "သူတို့အနေနဲ့ ကျနော်တို့ကို အသိပေး၊ ညှိနှိုင်းဆောင် ရွက်ရမယ်၊ ကျနော်တို့နဲ့ နားလည်မှုရအောင် ဆောင်ရွက်ရမယ်"[၅၉] ဟု ပြောဆိုသည်။ ၎င်းတို့ ပြောသကဲ့သို့ မဆောင်ရွက်ပါက ပြဿနာတစုံတရာ တက်မည်ဟုလည်း RCSS-SSA မှ ပြောဆိုသည်။

RCSS-SSA ထိန်းချုပ်ထားသည့် ရှမ်းပြည်တောင်ပိုင်း မြို့နယ် ၃၀ တွင် အခြေပြုသည့် ရှမ်းအမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် (SNLD) က RCSS-SSA ၏ ထုတ်ပြန်ချက်ကို ကြိုဆိုကြောင်း တုန့်ပြန်ခဲ့သည်။ သို့သော် လည်း တအာင်းအမျိုးသားပါတီ (TNP) မှာ အင်တာနက်လူမှုကွန် ရက်စာမျက်နှာမှ မဲဆွယ်ရန်အတွက် လည်း မဲဆန္ဒရှင်များမှာ အင်တာ

58. Burma News International, "RCSS Recommends Political Parties Inform Them of Election Campaigns in Their Territory," 3 October 2020 https://www.bnionline.net/en/news/rcss-recommends-political-parties-inform-them-election-campaigns-their-territory
59. Ibid

နက်ဆက်သွယ်မှု မရှိသဖြင့် RCSS–SAA နယ်မြေများအတွင်း မဲဆွယ်ရ မည့် အခြေအနေ ဖြစ်လာသည်။

ထိုနည်းတူစွာပင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က လည်း တိုင်းရင်းသားများအကြား တင်းမာမှုမဖြစ်သမျှ ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေတွင် နိုင်ငံရေးပါတီများ မဲဆွယ်မှုကို ခွင့်ပြုမည်ဟု ကြေညာခဲ့သည်[၆၀]။ မဲဆွယ်စည်းရုံးရာတွင် တခြားတိုင်းရင်းသားများအား ပုတ်ခတ်ပြော ဆိုခြင်းမပြုရဟုလည်း TNLA က ဆိုသည်။ TNLA သည် ထူးထူးခြားခြားပင် စစ်တပ်က မူကြမ်းရေးထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအောက်မှ ကျင်းပမည့် ရွေးကောက်ပွဲကို လက်မခံဟု ပြောဆိုထားသည့်အဖွဲ့ ဖြစ်သည်[၆၁]။

ရွေးကောက်ပွဲမတိုင်မီကာလတွင် တိုင်းပြည်ရှိ အင်အားစုများမှ နိုင်ငံသားအခွင့်အရေးကျင့်သုံးမှု ကျဉ်းမြောင်းစေရန်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖိနှိပ်သည့် နောက်ထပ်ဥပမာတခုမှာ NLD အမတ်လောင်းများအား အမည်မသိလက်နက်ကိုင်အဖွဲ့မှ ဖမ်းဆီးသွားခြင်းဖြစ်သည်[၆၂]။ တောင်ကုတ်မြို့နယ်တွင် မဲဆွယ်စည်းရုံးနေသည့် ဒေါ်နီနီမေမြင့်၊ ဒေါ်ချစ်ချစ်ချောနှင့် ကိုမင်းအောင်တို့အား ဖမ်းဆီးသွား ခြင်းဖြစ်သည်။ အမတ်လောင်း ၃ ဦးအား ဖမ်းဆီးထားကြောင်း “စစ်ရာဇဝတ်မှု ကျူးလွန်သည့် မြန်မာ့တပ်မတော်အား ဖုံးကွယ်ပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့၍”ဟု စွပ်စွဲကာ ခတ်ပုံနှင့်တကွ လူမှုကွန်ရက်စာမျက်နှာတွင် ထုတ်ပြန်ပြီးနောက် AA အဖွဲ့မှဝန်ခံခဲ့သည်[၆၃]။ ဖမ်းဆီးခံထားရသည့် ပါတီဝင်များကို ချက်ခြင်းလွှတ်ပေးရန် NLD မှ တောင်းဆိုပြီး ရွေးကောက်ပွဲကို ပျက်စီးစေရန်ကြံရွယ်လုပ်ဆောင်ခြင်းကို ရှုံ့ချကြောင်းထုတ်ပြန်ခဲ့သည်။ သို့သော်လည်း AA အဖွဲ့က NLD ပါတီဝင်များကို ဆက်လက်ထိန်းသိမ်းထားပြီး အစိုးရအနေဖြင့် ရခိုင်နိုင်ငံရေးသမားများ၊ အပြစ်မဲ့ပြည်သူများနှင့် ငြိမ်းချမ်းစွာဆန္ဒပြခဲ့သည့် ကျောင်းသားများကို လွှတ်ပေးမှသာ NLD ပါတီဝင်များကို လွှတ်ပေးမည်ဟု ထုတ်ပြန်ခဲ့သည်[၆၄]။

60. Burma News International, "TNLA, SSPP to Allow Election Campaigning in Their Territories," 17 August 2020 https://www.bnionline.net/en/news/tnla-sspp-allow-election-campaigning-their-territories
61. Ibid
62. Myanmar Times, Min Wathan, "Three NLD candidates seized in Rakhine," 14 October 2020. https://www.mmtimes.com/news/three-nld-candidates-seized-rakhine.html
63. Myanmar Mix, "Arakan Army Admits NLD Candidate Abductions," 20 October 2020 https://www.myanmarmix.com/en/articles/arakan-army-admits-nld-candidate-abductions#.X45BCJiPxk4.twitter
64. Myanmar Mix, "Arakan Army Admits NLD Candidate Abductions," 20 October 2020 https://www.myanmarmix.com/en/articles/arakan-army-admits-nld-candidate-abductions#.X45BCJiPxk4.twitter



ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ NLD လွှတ်တော် ကိုယ်စားလှယ်လောင်းသုံးဦးကို ဖမ်းဆီးထားကြောင်း ရခိုင့်တပ်တော် AA က ထုတ်ပြန်သည့်ဓာတ်ပုံ။
(Screenshot from press release by AA)

လက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့နယ်မြေများတွင် စည်းရုံးမဲဆွယ်ခြင်း၊ မဲပေးခြင်းများအပေါ် ထိန်းချုပ်ရန် ကြိုးပမ်းခြင်းမှာလည်း ဒီမိုကရေစီအခြေခံမူများနှင့် ကိုက်ညီမှုမရှိပေ။ မဲဆန္ဒရှင်များ၏ နိုင်ငံရေးရပ်တည်ချက် အဆင့်အတန်းနှင့် ကြိုက်နှစ်သက်သူကို ရွေးချယ်မှုအပေါ် အပေးအယူလုပ်ခြင်းမှာ မဲဆန္ဒရှင်များ၏ ကိုယ်စားလှယ်လောင်း ရွေးချယ်ပိုင်ခွင့်ကို ဖိနှိပ်သည့် နည်းနာဖြစ်သည်။ ထိုနည်းတူ စွာပင် တသီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်သူများမှာလည်း အချိန်ကုန်၊ ငွေပန်းခြင်းနှင့် အခြားအရင်းအမြစ် များဆုံးရှုံးခြင်းအတွက် ပူပန်ခြင်းမရှိစေရန် သို့မဟုတ် ၎င်းတို့အားထောက်ခံသည်ဟု မကျိန်းသေသည့် နယ်မြေများတွင် မဲဆွယ်စည်းရုံးရာတွင်လည်း စိုးရိမ်ပူပန်မှု မရှိစေရပေ။

# နိဒါန်း

ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် စည်းရုံးလှုံ့ဆော်ခွင့်သည် အရေးကြီးသည့် စံနှုန်းတခုဖြစ်သည်။ ထို့အတူ နိုင်ငံသားနှင့်နိုင်ငံရေး အခွင့်အရေးသည်လည်း နိုင်ငံသားတိုင်း၏ မူလအခွင့်အရေးပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူလူထုတရပ်လုံးသည် ဒီမိုကရေစီအ ပြောင်းအလဲကို တရှိုက်မက်မက် တောင့်တခဲ့ကြသည်။ ထို့ကြောင့်လည်း ၂၀၁၅ ပါတီစုံအထွေထွေရွေး ကောက်ပွဲတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆောင်ကျဉ်းပေးနိုင်ရန် မျှော်လင့်ချက်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို အစိုးရဖွဲ့နိုင်သည်အထိ တခဲနက် ထောက်ခံ ဆန္ဒမဲပေးခဲ့ကြသည်။

ယနေ့ကာလ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ခြိမ်းခြောက်မှုများရှိနေချိန်တွင် ရွေးကောက်ပွဲအပေါ် ယခင်ကာလလောက် စိတ်အားထက်သန်မှု မရှိသော်လည်း စိတ်ဝင်စားမှုမှာ အတိုင်းအတာတခုထိရှိနေသည်။ သို့သော်လည်း ကူးစက်ရောဂါ ပျံ့ပွားနေချိန်တွင် လူအုပ်စုများ၊ လူစုလူဝေးဖြင့် စည်းကမ်းမဲ့စွာ မဲဆွယ်စည်းရုံးမှုအား စိတ်ပျက်လာ သည်ကိုတွေ့ရသည်။

တဖက်တွင် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်ကာလတွင် အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့၏ မညီမျှမှု များ၊ ခွဲခြားမှုများ၊ လက်နက်ကိုင် ပဋိပက္ခများ၏ အကျိုးဆက်အဖြစ် တိုင်းရင်းသားဒေသများတွင် အပြစ် မဲ့ပြည်သူများ တိုက်ပွဲများကြားပြေးလွှား၊ ခိုအောင်းနေရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးနှိပ်စက်ခံရ ခြင်းနှင့် သေဆုံးနေရမှုများ ရှိနေသကဲ့သို့ နိုင်ငံရေးပါတီများ စည်းရုံးလှုံ့ဆော်ခွင့် အပေါ်စိစစ်ဖြတ် တောက်မှုများ စသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း တဆက်တည်း ဖြစ်ပေါ်နေခဲ့သည်။

ထို့အပြင် ရွေးကောက်ပွဲအကြိုကာလ အခင်းအကျင်းအရ အာဏာရ အစိုးရအနေဖြင့် ဒီမိုကရေစီပြု ပြင်ပြောင်းလဲရေးအတွက် သိသာထင်ရှားသည့် ပြောင်းလဲမှုများ မပြုလုပ်နိုင်ခြင်း၊ ပြည်သူများအနေနှင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများလည်း ထိုက်

သင့်သလောက်ပင် မခံစားကြရသဖြင့် ပြည်သူလူထုမှ အစိုးရအပေါ် အားကိုးယုံကြည်မှု လျော့နည်းလာသည်ကိုလည်း တွေ့မြင်နေရသည်။ ထို့ကြောင့် ယခုရွေးကောက်ပွဲရလဒ်သည် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအတွက် စိုးရိမ်စရာ သက်ရောက်မှုများဖြစ်ပေါ်လာမည်ဆိုသည်ထက် ပိုပြီးမပြောဆိုနိုင်ပေ။

မြန်မာနိုင်ငံသည် လက်မှတ်မထိုးထားသည့်အတွက် ICCPR ၏ တန်ဖိုးများအား အတည်ပြု ထိန်းသိမ်းရန် တရားဝင် ဝတ္တရားများ မရှိသော်ငြား တစိတ်တပိုင်း အရပ်သား အစိုးရအား နေးကွေးစွာဖြင့် အာဏာလွှဲပြောင်းပေးခဲ့ပြီးနောက် ဒီမိုကရေစီအသွင်ကူး ပြောင်းမှုကို ဆောင်ရွက်ရန် စိတ်အားထက်သန် ကြောင်း ပြောဆိုခဲ့သည့် အာဏာရပါတီအနေဖြင့် ကုလသမဂ္ဂ၏ အရေးကြီးသည့် အယူဝါဒတခုကို အတည်ပြုလက်မှတ်ရေးထိုးရန် မလိုလားမှုသည် ၎င်းတို့၏ ရိုးသားသည့် သံန္နိဋ္ဌာန်အပေါ် မေးခွန်းထုတ်စရာ ဖြစ်နေသည်။

ယခုစာတန်းငယ်တွင် ဖော်ပြထားသည့်အတိုင်း ICCPR နှင့် ICESCR တို့အား ချိုးဖောက်မှုသည် လွတ်လပ်စွာထုတ်ဖော်မှု၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး အမြင်သဘောထားများ၏ နယ်ဘောင်ကို ကျဉ်းသွားစေပြီး အကျိုးသက်ရောက်မှုမရှိသည့် ကိစ္စများကို လက်တွေ့ ကျင့်သုံးနေခြင်းဖြစ်သည်ဟု မှတ်ချက်ရမည်သာဖြစ်သည်။








Network For Human Rights Documentation - Burma
ND-Burma

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)





